# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ

## ပြည်ထောင်စုဝန်ကြီးချုပ်က ပေးပို့သည့်
## ၂၇၆၁ ခုနှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာ
## ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်
## (၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၁ ရက်)

၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၂) ရက်၊ ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ် ပြာသိုလဆန်း (၁) ရက်နေ့သည် ကရင်တိုင်းရင်းသားအပေါင်းတို့ အလေးအမြတ်ဂုဏ်ယူတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူးမင်္ဂလာ နေ့ထူးနေ့မြတ် ဖြစ်သည်နှင့်အညီ နှစ်သစ်အခါသမယတွင် ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ဘေးကင်းလုံခြုံစွာဖြင့် ကျန်းမာပျော်ရွှင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ရိုးသားကြိုးစားခြင်း၊ ကတိသစ္စာခိုင်မာခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ ဖော်ရွေပြုငှာခြင်း၊ ဖေးမကူညီတတ်ခြင်း၊ အပြန်အလှန် ယုံကြည်နားလည်မှုရှိခြင်းစသည့် ကရင်တိုင်းရင်းသားတို့၏ ကောင်းမြတ်သည့် အမူအကျင့်နှင့် စိတ်နေစိတ်ထားများကို ရှေးယခင် ကရင်တိုင်းရင်းသား ကြီးများမှသည် ယနေ့မျိုးဆက်ထိတိုင် မပျောက်မပျက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက် လာခဲ့ရာ နှစ်ပေါင်း ၂၇၆၁ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါကောင်းမြတ်သည့် အမူအကျင့်နှင့် စိတ်နေစိတ်ထားများသည် အရေးတော်ပုံကာလနှင့် အရေးတော်ပုံ အောင်မြင်ပြီး ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ထောင်ရန်အတွက် တန်ဖိုးကြီးမားလှသည့် အရင်း အမြစ်များ ဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်း ရင်ဆိုင်နေရသည့် အကြမ်းဖက်စစ်ကောင်စီ၏ အဓမ္မအာဏာသိမ်းယူမှုကို ခုခံဆန့်ကျင် တွန်းလှန်လျက်ရှိရာ အမျိုးသားညီညွတ်ရေးအစိုးရနှင့်အတူ တောင်ပေါ်မြေပြန့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်လျက်ရှိပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း အကြမ်းဖက်စစ်ကောင်စီ၏ ဥပဒေမဲ့ တရားလက်လွတ် ပြုကျင့်မှုများကြောင့် ပြည်သူတစ်ရပ်လုံး ဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် ကရင်ပြည်နယ်သူပြည်နယ်သား

များအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖေးမကူညီပံ့ပိုးခဲ့ကြသည်မှာ ကျေးဇူးတင် ဂုဏ်ယူဖွယ်ရာ ကောင်းလှပါသည်။

တောင်ပေါ်မြေပြန့် ကျေးလက်မြို့ပြမကျန် လူမမယ်ကလေးသူငယ်များ၊ သက်ကြီး ရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်လူရွယ် ကျောင်းသားကျောင်းသူများ၊ အနုပညာရှင်များ၊ အာဏာရှင်အောက် ဒူးမထောက်ဘဲ CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ အလုပ်သမား၊ လယ်သမားများ၊ နယ်ပယ်အသီးသီးမှ အာဏာရှင်ကို နည်းမျိုးစုံဖြင့် ခုခံ တော်လှန်နေကြသည့် တော်လှန်ရေးရဲဘော်များအားလုံး ယခုကဲ့သို့ စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် အခါသမယတွင် တိုင်းရင်းသားပြည်သူအားလုံး၏ တစ်ဦးချင်းတစ်ဦးချင်း အရည်အသွေး စိတ်ဓာတ်တို့သည် အထူးအရေးကြီးလှပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ် လုံး ညီညွတ်စွာ စုပေါင်းလိုက်သောအင်အားသည် အရေးတော်ပုံကြီး အောင်မြင်ရေးအတွက် အထက်မြက်ဆုံး သောလက်နက်ဖြစ်ပါသည်။

ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်၏ ဆိုးကျိုးဒဏ်ရာဒဏ်ချက်များကို ပြင်းထန်စွာ ခံခဲ့ရသော ကရင်တိုင်းရင်းသားများသည် တန်းတူညီမျှအခွင့်အရေးရှိသည့် ဖက်ဒရယ်ဒီမို ကရေစီ ပြည်ထောင်စုကြီးကို မဖြစ်မနေဖော်ဆောင်ပြီး ငြိမ်းချမ်းသာယာဝပြောသည့် ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းကြမည်ဟု ယုံကြည်ပါသည်။ ထို့ပြင် ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကလည်း နိုင်ငံနှင့်အဝန်း ကြုံတွေ့ နေရသည့် အကြမ်းဖက် စစ်ကောင်စီ၏ လူမဆန်သည့်လုပ်ရပ်များကို ပြည်ထောင်စုစိတ်ဓာတ် ဖြင့် အတူတကွ ပူးပေါင်း လက်တွဲ၍ ဆန့်ကျင်တွန်းလှန်တိုက်ပွဲဝင်လျက်ရှိကြရာ ဖြောင့်မတ် တည်ကြည်သတ္တိကြီးသော ကရင်တိုင်းရင်းသားများ၏စွမ်းရည်ကို အထူးအလေးထား အားကိုး ပါသည်။

ယခုကဲ့သို့ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် ကျရောက်သည့် ကရင် အမျိုးသားနှစ်သစ်ကူးအခါသမယ၌ မြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ ဒီမို ကရေစီနှင့် လူ့အခွင့်အရေးများ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ရသည့် နှစ်ဟောင်းကို နောက်တွင် ချန်ထားခဲ့ပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် ဖက်ဒရယ်ဒီမိုကရေစီခရီးကို ဖော် ဆောင်မည့် တော်လှန်နှစ်သစ်အတွက် စိတ်သစ်၊ လူသစ်၊ သန္နိဋ္ဌာန်အသစ်များဖြင့် လန်းဆန်း တက်ကြွနေကြမည်ဟုလည်း အခိုင်အမာ ယုံကြည်ပါသည်။

ကရင့်အမျိုးသားဘိုးဘွားဘီဘင်များ ချမှတ်ခဲ့သည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို နောင်နှစ်ပေါင်းများစွာ ကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်းကြပြီး ကောင်းမွန်မြင့်မြတ်သည့် ကရင့်အမျိုးသားစိတ်ဓာတ်နှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်များကို မွေးမြူကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် တိုင်းရင်းသား ညီအကိုမောင်နှမအားလုံးနှင့် လက်တွဲလျက် အောင်မြင်ပြီးဆုံးသည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ကရင်အမျိုးသား နှစ်သစ်ကူးနေ့အခါသမယတွင် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မန်းဝင်းခိုင်သန်း

ပြည်ထောင်စုဝန်ကြီးချုပ်

အမျိုးသားညီညွတ်ရေးအစိုးရ